WAVE MONEY

**Digital Money Myanmar Ltd.**
No.84, 7th floor, Uniteam Marine Building
Pan Hlaing Street, Sanchaung Township
Yangon, Myanmar

သတင်းထုတ်ပြန်ချက်

# Wave Money ၏ ၂၀၁၉ ခုနှစ်တွင်ရရှိခဲ့သော အောင်မြင်မှုရလဒ်များသည် မိုဘိုင်းလ် ငွေကြေးကဏ္ဍဦးဆောင်မှုကို ပိုမိုအခြေခိုင်မြဲစေခဲ့

- *၂၀၁၉ ခုနှစ်တွင် ငွေကြေးလွှဲပြောင်းမှုပမာဏသည်* ***သုံးဆ****အထိ မြင့်တက်ခဲ့ပြီး မြန်မာကျပ်ငွေ ၆.၄ ထရီလီယံ(အမေရိကန်ဒေါ်လာ ၄.၃ ဘီလီယံ) အထိ ရောက်ရှိခဲ့*
- *၂၀၁၉ ခုနှစ်တွင် သုံးစွဲသူဦးရေ* ***နှစ်ဆကျော်****အထိမြင့်တက်ခဲ့ပြီး ၁၇ သန်းအထိ ရှိလာ*
- *ကိုယ်စားလှယ် (အေးဂျင့်) အရေအတွက်ကို ၅၆,၀၀၀ အထိ တိုးမြှင့်နိုင်ခဲ့ပြီး မြန်မာနိုင်ငံ၏ ၈၉ ရာခိုင်နှုန်းအထိ ဝန်ဆောင်မှု ကွန်ယက်လွှမ်းခြုံနိုင်ခဲ့*
- *၂၀၁၉ ခုနှစ်တွင် မြန်မာကျပ်ငွေ ၅၅ ဘီလီယံ ကို (သန်း ၃၇ အမေရိကန်ဒေါ်လာ)ကိုယ်စားလှယ် (အေးဂျင့်) ကော်မရှင်ခအဖြစ် ပေးအပ်နိုင်ခဲ့*

**ရန်ကုန်၊ ၁၀ ဇန်နဝါရီ ၂၀၂၀ ပြည့်နှစ်။** ။ မြန်မာ့ထိပ်တန်း မိုဘိုင်းလ် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းဖြစ်သည့် Wave Money သည် တစ်နှစ်တာ ငွေလွှဲပမာဏ မြန်မာကျပ်ငွေ ၆.၄ ထရီလီယံနှင့်အတူ ၂၀၁၉ ခုနှစ်ကို အောင်မြင်တိုးတက်မှုများစွာဖြင့် မြန်မာ့ဘဏ္ဍာရေးကဏ္ဍတွင် မှတ်ကျောက်တင်နိုင်ခဲ့သည်။ ထိုငွေလွှဲပမာဏ သည် ၂၀၁၈ ခုနှစ်အတွင်း ရရှိခဲ့သော ပမာဏဖြစ်သည့် မြန်မာကျပ်ငွေ ၂ ထရီလီယံထက် သုံးဆကျော်လွန် မြင့်မားခဲ့သည်။

ပိုမိုပြိုင်ဆိုင်မှု ပြင်းထန်လာသည့် မိုဘိုင်းလ်ငွေကြေးဈေးကွက်တွင် မြန်မာနိုင်ငံ၏ စွန့်ဦးတီထွင် မိုဘိုင်းလ် ငွေကြေးဝန်ဆောင်လုပ်ငန်းတစ်ခုအနေနှင့်လည်း သုံးစွဲသူ အရေအတွက်များစွာကို ရရှိခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် သုံးစွဲသူ ၇ သန်းကျော်ရှိရာမှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် သုံးစွဲသူ အရေအတွက် ၁၇ သန်းကျော်ကို ဝန်ဆောင်မှု များ ပေးအပ်နိုင်ခဲ့သည်။

ရလဒ်များနှင့် ပတ်သက်၍ Wave Money ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr. Brad Jones မှ "အမှတ်ရစရာနှစ်တစ်နှစ်ဖြစ်ခဲ့ပါတယ်။ ကျွန်တော်တို့ အနေနဲ့လည်း အရှိန်အဟုန်နဲ့ တိုးတက်မြင့်မားလာတဲ့ သုံးစွဲသူဝန်ဆောင်မှုကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပြီး ကျွန်တော်တို့ရဲ့ တွဲဖက်လုပ်ကိုင်သူတွေအတွက်လည်း ဝန်ဆောင်မှုကောင်းတွေကို ပေးအပ်နိုင်ခဲ့တာကြောင့် မျှော်လင့်ထားတာထက် ပိုမို ကောင်းမွန်တဲ့ ရလဒ်တွေကို ကျွန်တော်တို့ ရရှိခဲ့ပါတယ်။ ကျွန်တော်တို့အပေါ် ယုံကြည်ပြီး အငြင်းပွားဖွယ်မရှိတဲ့ ဈေးကွက်ဦးဆောင်သူ Wave

Digital Money Myanmar Ltd.
No.84, 7th floor, Uniteam Marine Building
Pan Hlaing Street, Sanchaung Township
Yangon, Myanmar

Money ဖြစ်လာစေတဲ့အတွက် ကျွန်တော်တို့ရဲ့ သုံးစွဲသူတွေ၊ ကိုယ်စားလှယ် (အေးဂျင့်) တွေ၊ ဝန်ထမ်းတွေနဲ့ တွဲဖက်လုပ်ကိုင်သူအားလုံးကို လည်း ကျေးဇူးတင်ပါတယ်။"ဟု မှတ်ချက်ပေးပြောကြားခဲ့သည်။

Wave Money သည် အကျယ်ပြန့်ဆုံး ကိုယ်စားလှယ် (အေးဂျင့်) ကွန်ရက်ကို ပိုင်ဆိုင်ထားပြီး မြန်မာနိုင်ငံ၏ ၈၉ ရာခိုင်နှုန်းကို လွှမ်းခြုံထားလျက်ရှိသည်။ ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကိုယ်စားလှယ် (အေးဂျင့်) အရေ အတွက် ၅၆,၀၀၀ ကျော်ရှိလာခဲ့ပြီး နိုင်ငံတစ်ဝှမ်းရှိ မြို့နယ်ပေါင်း ၃၃၀ အနက်မှ ၂၉၄ မြို့နယ်များတွင် ကိုယ်စားလှယ် (အေးဂျင့်) များထားရှိနိုင်ခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် ကိုယ်စားလှယ် (အေးဂျင့်) ကော်မရှင်ခ စုစုပေါင်း မြန်မာကျပ်ငွေ ၅၅ ဘီလီယံ (မီလီယံ ၃၈ အမေရိကန်ဒေါ်လာ) အထိ ပေးအပ်နိုင်ခဲ့ပြီး ထိုပမာဏသည် ၂၀၁၈ ခုနှစ်တွင် ပေးအပ်ခဲ့သော ကော်မရှင်ခဖြစ်သည့် မြန်မာကျပ်ငွေ ၁၉ ဘီလီယံထက် **နှစ်ဆကျော်** ပိုမို များပြားခဲ့သည်။

**ယုံကြည်စိတ်ချရသော မိုဘိုင်းငွေကြေးဝန်ဆောင်မှု လုပ်ငန်း**

Wave Money ဝန်ဆောင်မှုအားအသုံးပြု၍ ငွေလွှဲပြောင်းလျက်ရှိသော ငွေလွှဲမှုပမာဏသည် ၂၀၁၇ ခုနှစ်မှ စတင်ကာ ၃ လလျှင် ၇၀ ရာခိုင်နှုန်းဖြင့် အစဉ်တစ်စိုက် တိုးတက်လျက်ရှိသည်။ ယနေ့အချိန်တွင် မြန်မာနိုင်ငံ၌ လူဦးရေ ၁၇ သန်းကျော်မှ Wave Money၏ လုံခြုံစိတ်ချရသော ဝန်ဆောင်မှုများကို အသုံးပြု၍ ငွေလွှဲခြင်း၊ ငွေပေးချေခြင်း၊ ဖုန်းငွေဖြည့်ခြင်း နှင့် အခြားသော ဒစ်ဂျစ်တယ် ငွေပေးချေမှုများကို လုပ်ဆောင်လျက်ရှိသည်။

Wave Money သည် တီထွင်ဆန်းသစ်ခြင်းနှင့် ထိရောက်သော ဈေးကွက်ဖော်ဆောင်နိုင်မှုများကြောင့် "Brand leadership Award" ကို ၂၀၁၉ ခုနှစ်တွင် CMO Asia Awards ဆုပေးပွဲ၌ ရရှိခဲ့သည်။ Wave Money သည် အပြုသဘောဆောင်သော လူမှုအကျိုးပြုလုပ်ငန်းများအတွက် စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သော Global Retail Banking Innovation Awards 2019 တွင်လည်း Digital Banker မှ ချီးမြှင့်သော "Best Payments Innovation Award" ကို အသိအမှတ်ပြု လက်ခံရရှိခဲ့သည်။ ထို့အပြင် အဆိုပါ ဆုပေးပွဲတွင် "Best Customer Service Innovation" နှင့် "Best Financial Inclusion Initiative" တို့အတွက်လည်း ထပ်မံအသိအမှတ် ပြုခံခဲ့ရသည်။

**၂၀၁၉ ခုနှစ် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အောင်မြင်မှုများ**

၂၀၁၈ ခုနှစ်မှ စတင်ကာ Wave Money သည် အစိုးရအဖွဲ့အစည်းများ၊ NGOs များနှင့် ပူးပေါင်းကာ မြန်မာ နိုင်ငံတစ်ဝှမ်းရှိ အငြိမ်းစားပင်စင်စားများ ကို ကိုယ်စားလှယ် (အေးဂျင့်) များမှတဆင့် ပင်စင်ထုတ်ပေးခြင်း ဖြင့် အားလုံးပါဝင်သော ငွေကြေးကဏ္ဍတွင် ပါဝင်လာစေရန်အတွက် ကူညီလုပ်ဆောင်ပေးနိုင်ခဲ့သည်။ ပင်စင်

လစာပေးချေရာတွင် ပိုမိုအဆင်ပြေလွယ်ကူစေရန် ရည်ရွယ်ကာ ဒီဂျစ်တယ် ပင်စင်ငွေပေးချေရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို Wave Money မှ မြန်မာ့စီးပွားရေးဘဏ်နှင့်အတူ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ခဲ့သည်။ အဆိုပါပူးပေါင်းဆောင်ရွက်မှုသည် Wave Money ၏ ကတိကဝတ်ဖြစ်သည့် အားလုံးပါဝင်နိုင်သော ဘဏ္ဍာရေးကဏ္ဍ အကောင်အထည်ဖော်နိုင်ရေး လုပ်ဆောင်ချက်များ၏ ခြေလှမ်းသစ်တစ်ခုဖြစ်ပြီး ရန်ကုန်၊ မန္တလေး၊ နေပြည်တော် နှင့် ပြင်ဦးလွင်ရှိ မြန်မာ့စီးပွားရေးဘဏ်များနှင့် လက်ရှိအချိန်တွင် ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။ ယခုအခါတွင် ပင်စင်စား ဝန်ထမ်းဟောင်းများအနေဖြင့် တစ်နိုင်ငံလုံးတွင်ရှိသော Wave Money ကိုယ်စားလှယ်ပေါင်း ၅၆,၀၀၀ ကျော်ထံတွင် အဆင်ပြေလွယ်ကူ၍ လုံခြုံစိတ်ချစွာ ပင်စင်ငွေများထုတ်ယူလျက်ရှိသည်။ ၂၀၁၉ ခုနှစ် တွင် Wave Money သည် ခန့်မှန်းခြေ မြန်မာကျပ်ငွေ ၃.၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂.၅ သန်း) အထိ ပင်စင်စားအစိုးရဝန်ထမ်းများနှင့် ငွေကြေးဝန်ဆောင်မှုနှင့် အလှမ်းဝေးသူများအတွက် Wave Money မှတစ်ဆင့် လွှဲပြောင်းပေးနိုင်ခဲ့သည်။

၂၀၁၉ ခုနှစ်မကုန်မီတွင် Wave Money နှင့် METRO Wholesale မြန်မာတို့ပူးပေါင်းကာ မြန်မာနိုင်ငံ၏ အစားအစာပို့ဆောင်မှုကဏ္ဍအား ဒီဂျစ်တယ်နည်းပညာဖြင့် အသုံးပြုနိုင်အောင် လုပ်ဆောင်ပေးခဲ့သည်။ ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို အောက်တိုဘာလတွင် လက်မှတ်ရေးထိုးခဲ့ပြီး Wave Money အနေဖြင့် စားသုံးသူများ၊ လုပ်ငန်းစုများအတွက် ပိုမိုလွယ်ကူသော ငွေသားမဲ့ ငွေပေးချေမှုစနစ်ကို မိတ်ဆက်ပေးနိုင်ခဲ့သည့်အပြင် ဒီဂျစ်တယ်စနစ် ပိုမိုကောင်းမွန်လာစေရန် အထောက်အပံ့ပေးနိုင်ခဲ့သည်။ WavePay အက်ပလီကေးရှင်း၏ QR စနစ်ကို အသုံးပြုကာ METRO အသုံးပြုသူများသည် လွယ်ကူလျင်မြန်စွာ ငွေပေးချေလျက် ရှိပါသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍကို ထောက်ပံ့ပေးနိုင်ရန် ရည်ရွယ်၍ Oway နှင့် FlyMya ကဲ့သို့ ပြည်တွင်းခရီးသွားထိပ်တန်းကုမ္ပဏီများနှင့် ဇူလိုင်လနှင့် နိုဝင်ဘာလများတွင် အသီးသီး လက်တွဲပူးပေါင်းနိုင်ခဲ့သည်။ ထိုပူးပေါင်းမှုမှတဆင့် Wave Money မှ လေကြောင်းလိုင်း၊ ကားလိုင်းများသာမက ခရီးသွားဝန်ဆောင်မှုများကို အဆင်ပြေလွယ်ကူစွာနှင့် စိတ်လှုပ်ရှားဖွယ်ရာ လျှော့ဈေးများဖြင့် ငွေပေးချေနိုင်ရန် လုပ်ဆောင်နိုင်ခဲ့သည်သာမက မိုဘိုင်းလ်ငွေကြေးဆိုင်ရာ နည်းပညာကိုလည်း မြှင့်တင်ပေးနိုင်ခဲ့ပါသည်။

**ပိုမိုမျှတသော အနာဂတ်သစ်အား ဖော်ဆောင်လျက်ရှိသော စီးပွားရေးလုပ်ငန်း**

Wave Money သည် ၎င်း၏ ပိုမိုကောင်းမွန်လာသော ဝန်ဆောင်မှုများမှတစ်ဆင့် မြန်မာနိုင်ငံရှိ သုံးစွဲသူများအတွက် ကောင်းမွန်သော သက်ရောက်မှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ရရှိစေရန် ရည်ရွယ်သောကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် Wave Money မှ

ရိုးမဘဏ်နှင့်ပူးပေါင်း ကာ Wave Money ကိုယ်စားလှယ် (အေးဂျင့်) များနှင့် ကိုယ်စားလှယ်တော်ကြီး(distributors) များအနေဖြင့် အာမခံပစ္စည်းမလိုအပ်သော လွယ်ကူလျင်မြန်သည့် ချေးငွေများ ရယူ၍ ထိုမှတဆင့် ၎င်းတို့၏ စီးပွားရေး လုပ်ငန်းများ တိုးတက်မှုအတွက် အားပေးကူညီလျက်ရှိသည်။ Wave Money နှင့် ရိုးမဘဏ်တို့ ပူးပေါင်းကာ မြန်မာကျပ်ငွေ ၇၃ ဘီလီယံ ၅၀ အမေရိကန်ဒေါ်လာ သန်း)) ခန့်ရှိ ချေးငွေများကို Wave Money ကိုယ်စားလှယ် (အေးဂျင့်) ပေါင်း ၁၆,၀၀၀ ကျော်အား ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှ စတင်ကာ ထုတ်ချေးပေးနိုင်ခဲ့သည်။

လူထုအကျိုးပြုမှုလုပ်ငန်းများအနေဖြင့် Wave Money သည် မွန်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော ရေကြီးမှုအတွက် ရေဘေးသင့်ပြည်သူများအား လူသားချင်းစာနာထောက်ထားသော Network Activities Group (NAG) နှင့်အတူ ပူးပေါင်း၍ အိမ်ထောင်စုပေါင်း ၁,၁၇၁ ၊ လူဦးရေ ၅,၀၄၁ ဦးအား အကူအညီများပေးအပ်နိုင်ခဲ့သည်။

၂၀၁၉ ခုနှစ်အစောပိုင်းကာလတွင် "ပိုမိုကောင်းမွန်သော မြန်မာနိုင်ငံ၏ အနာဂတ်သစ် ဖန်တီးရန်" ဟူသော ဆောင်ပုဒ်နှင့်အညီ အမျိုးသမီးများ စွမ်းရည်မြှင့်တင်ရေး လုပ်ဆောင်ရန် ရည်ရွယ်ကာ Wave Money မှ GSMA Connected Women Program နှင့် လက်တွဲလုပ်ကိုင်ခဲ့သည်။ ထိုလုပ်ဆောင်မှုသည် အမျိုးသမီးများ မိုဘိုင်းလ် နှင့် ဆက်စပ်လျက်ရှိသော စီးပွားရေး၏ အသီးအပွင့်များကို သိရှိခံစားနိုင်စေရန် ရေရှည်အကျိုးသက်ရောက်မှု ကောင်းများအား ဖန်တီးပေးနိုင်ခဲ့သည်။

"အားလုံးပါဝင်နိုင်သော ဘဏ္ဍာရေးကဏ္ဍ အကောင်အထည်ဖော်နိုင်ရေးဆိုတဲ့ ကျွန်တော်တို့ရဲ့ ကတိကဝတ်က အမြဲတည်တံ့နေမှာ ဖြစ်ပါတယ်။ နှစ်နှစ်တာအချိန်အတွင်းမှာ အမြတ်ရရှိအောင် လုပ်ဆောင်နိုင်ခဲ့ရုံသာမကဘဲ အခုအချိန်ထိ ဆက်လက်ထိန်းသိမ်းထားနိုင်တဲ့အတွက် များစွာဂုဏ်ယူမိပါတယ်။ အောင်မြင်မှုများအတွက် ဝမ်းသာနေရုံနဲ့ မပြီးဘဲ ၂၀၂၀ မှာလည်း ၂၀၁၉ မှာ ရရှိခဲ့တဲ့ အောင်မြင်မှုတွေထက် သာလွန်အောင် အားကြိုး မာန်တက်လုပ်ဆောင်နေပါတယ်။ ဒါတွေကနေတစ်ဆင့် မြန်မာနိုင်ငံမှာရှိတဲ့ လူမှုအဖွဲ့အစည်းတွေအတွက် အကျိုးရလဒ်ကောင်းတွေ ပိုမိုရရှိလာစေဖို့ ရည်ရွယ်ပါတယ်။" ဟု Brad Jones မှ ပြောကြားခဲ့သည်။

**Wave Money အကြောင်း**

Wave Money သည် မြန်မာနိုင်ငံအနှံ့တွင် အေးဂျင့်ဆိုင်ပေါင်း ၅၆,၀၀၀ ကျော်နှင့် လည်ပတ်လုပ်ကိုင်နေသော မြန်မာနိုင်ငံ ၏ ပထမဆုံးနှင့် ရှေ့တန်းမှ ဦးဆောင်နေသည့် မိုဘိုင်းငွေကြေးဝန်ဆောင်မှုကုမ္ပဏီတစ်ခုဖြစ်သည်။ ထို့အပြင် Wave Money သည် တယ်လီနော၊ ရိုးမဘဏ်၊ စင်ကာပူစတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီတစ်ခုဖြစ်သော Yoma Strategic Holdings

Digital Money Myanmar Ltd.
No.84, 7th floor, Uniteam Marine Building
Pan Hlaing Street, Sanchaung Township
Yangon, Myanmar

တို့နှင့် ဖက်စပ်လုပ်ကိုင်နေသော ကုမ္ပဏီတစ်ခုဖြစ်ပြီး ၎င်း၏အေးဂျင့်ကွန်ရက်များမှတစ်ဆင့် လွယ်ကူလျင်မြန် ၍ အားထားရသော မိုဘိုင်းငွေကြေးဝန်ဆောင်မှုစနစ်ကို ထောက်ပံ့ပေးနေသော ကုမ္ပဏီတစ်ခုဖြစ်သည်။ Wave Money သည် ငွေကြေးလွှဲပြောင်းခြင်းနှင့် ပတ်သက်၍ တမူထူးခြားသည့် နည်းလမ်းတစ်ခုကို မြန်မာပြည်သူများသို့ မိတ်ဆက်ပေး ခဲ့ပြီး သန်းချီသော မြန်မာပြည်သူများကို အွန်လိုင်းမှတဆင့် ငွေကြေးလွှဲပြောင်းသော ဝန်ဆောင်မှုကို ရယူနိုင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ Wave Money ၏ မိုဘိုင်းငွေကြေးဝန်ဆောင်မှုမှတဆင့် နေ့စဉ် မြန်မာပြည်သူ ထောင်နှင့်ချီ၍ မိမိတို့၏ ငွေကြေးများကို အချိန်မရွေး၊ နေရာမရွေး လွယ်ကူလျင်မြန်စွာ လွှဲပြောင်းလာနိုင်ကြသည်။ Wave Money ၏ Call Center များသည် တစ်ပတ် ၇ ရက်၊ တစ်ရက် ၂၄ နာရီ အချိန်ပြည့် လည်ပတ်လျက်ရှိပြီး သုံးစွဲသူများမှ သိရှိလို၍ မေးမြန်းချက်များကို အချိန်ပြည့် ပြန်လည်ဖြေကြားပေးလျက်ရှိသည်။

http://www.wavemoney.com.mm